Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

အောက်တိုဘာလ ၈ ရက်၊ ၂၀၂၆ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊
## စက်တင်ဘာလ ၁-၃၀ ရက်နေ့ထိ၊၂၀၂၆ ခုနှစ်
## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖဖေဖော်ဝါရီလ ၁ရက်- ၂၀၂၁ မှ သဂြုတ်လ- ၃၁ရက်၊ ၂၀၂၆ | စက်တင်ဘာလ ၁-၃၀ရက်၊ ၂၀၂၆ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၇၅၃ | ၁၅ | ၇၆၈ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၉၂ | | ၅၉၂ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၁၀၃၂ | ၃၆ | ၁၀၆၈ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၈၆ | ၇ | ၁၅၉၃ |
| | ဒီးမော့ဆိုမြို့နယ် | ၇၃၆ | - | ၇၃၆ |
| | မယ်စဲ့မြို့နယ် | ၃၇ | | ၃၇ |
| | ဖယ်ခုံမြို့နယ် | ၈၅၆ | | ၈၅၆ |
| | ဖရူဆိုမြို့နယ် | ၂၇၅ | ၃ | ၂၇၈ |
| | ဘောလခဲမြို့နယ် | ၃၅ | ၂ | ၃၇ |
| | ရှားတောမြို့နယ် | ၅၆ | ၅ | ၆၁ |
| | ဖားဆောင်းမြို့နယ် | ၁၉၈ | ၆ | ၂၀၄ |

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊စက်တင်ဘာလ ၁- ၃၀ ရက်နေ့ထိ၊ ၂၀၂၆



စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှု၊ လေကြောင်းတိုက်ခိုက်မှုနှင့် ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများကြောင့် ကရင်နီပြည်ရှိ မြို့နယ်၆ခုနှင့် ဖယ်ခုံမြို့နယ်တို့တွင် အရပ်သား၁၅ဦးသေဆုံးပြီး ၃၆ဦးဒဏ်ရာရရှိ

အာဏာသိမ်းစစ်တပ်သည် ၎င်းတို့ထိန်းချုပ်ထားသော ဒီးမော့ဆို-ဖရူဆိုမြို့ကြားရှိ ပြည်ထောင်စု လမ်းမကြီးတွင် စစ်ရေးလုပ်ရှာမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ယခုလအတွင်း စစ်ပွဲဖြစ်ပွားခြင်းမရှိသော မြို့နယ်များပါ စစ်ကောင်စီတပ်များသည် ဒေသခံများနေထိုင်ရာ ကျေးရွာများနှင့် စစ်ရှောင်စခန်းများကို အကြောင်းမဲ့ပစ်မှတ်ထားကာ ဒရုန်းဖြင့် ကင်းထောက်မှုများ၊ ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများနှင့် လေကြောင်းတိုက်ခိုက်မှု လုပ်ဆောင်ခဲ့သည်။ စက်တင်ဘာလအတွင်း စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှု၊ လေကြောင်းတိုက်ခိုက်မှုနှင့် ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများကြောင့် ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဖားဆောင်း၊ ဘောလခဲ၊ လွိုင်ကော်မြို့နယ်နှင့် ဖယ်ခုံမြို့နယ်များတွင် အရပ်သားပြည်သူ ၁၅ဦးသေဆုံးပြီး ၃၆ဦးဒဏ်ရာရရှိခဲ့သည်။

*စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား*

စက်တင်ဘာလ ၁ရက်၊ ညနေ ၄နာရီဝန်းကျင်အချိန် ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသရှိ ခဲလုပ်ငန်း တစ်နေရာကို စစ်ကောင်စီမှလေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် အသက် ၁၅နှစ်အောက် ကလေးတစ်ဦးအပါအဝင် အမျိုးသား၃ဦးနှင့် အမျိုးသမီး ၂ဦး ထိမှန်သေဆုံးခဲ့ပြီး ၈ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ နေအိမ်သုံး ၆လုံးပျက်စီးဆုံးရှုံးခဲ့သည်။

စက်တင်ဘာလ ၅ရက်၊ ရှားတောမြို့နယ်ရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းကြောင့် အသက်၁၅နှစ်အောက် ယောကျာ်းလေး၂ဦး၊ မိန်းကလေး၁ဦးနှင့် အသက်၄၀ကျော်အမျိုးသမီး၂ဦး စုစုပေါင်း၅ဦးသေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၁၅ဦးကျော်ရှိကာ နေအိမ်အနည်းဆုံး ၅လုံးပျက်စီးဆုံးရှုံးခဲ့ရသည်။

စက်တင်ဘာလ ၄ရက်မှ ၆ရက်နေ့အထိ လွိုင်ကော်မြို့နယ် အရှေ့ဘက်ခြမ်းနေရာတစ်ချို့နှင့် စစ်ရှောင် စခန်းများရှိရာဘက်သို့ စစ်ကောင်စီတပ်မှ လေကြောင်းဗုံးကြဲတိုက်ခိုက်မှုနှင့် ဒရုန်းဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့် စစ်ရှောင်၂ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဘုန်းကြီးကျောင်းနှင့် စစ်ရှောင်နေအိမ် ၂လုံးပျက်စီးဆုံးရှုံးခဲ့သည်။

စက်တင်ဘာလ ၈ရက်၊ ညနေ ၅နာရီ မိနစ်၃၀နှင့် မိနစ်၄၅အချိန်တွင် ဖရူဆိုမြို့နယ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ ဒရုန်းဗုံးကြဲတိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် ကျေးရွာအတွင်းရှိ နေအိမ် ၂လုံး ထိမှန်ပျက်စီးဆုံးရှုံးခဲ့သည်။

စက်တင်ဘာလ ၁၃-၁၄ရက်တို့တွေ စစ်ကောင်စီတပ်မှ လွိုင်ကော်မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာနှင့် လွိုင်ကော်မြို့ပေါ် ရပ်ကွက်တစ်ခုကို ဒရုန်းဗုံးကြဲတိုက်ခိုက်မှု ၁၀ကြိမ်ထက်မနည်းပြုလုပ်ခဲ့ခြင်းကြောင့် နေအိမ် ၄လုံး ထိမှန်ပျက်စီးခဲ့သည်။

စက်တင်ဘာလ ၁၄ရက်၊ မွန်းလွဲ၃နာရီဝန်းကျင်အချိန် ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံအတွင်းရှိ ကျေးရွာတစ်ရွာကို ဒရုန်းနှစ်စင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အသက်၄၀ဝန်းကျင် အမျိုးသားတစ်ဦး ထိမှန်သေဆုံးခဲ့သည်။ ထို့အပြင် ဒီးမော့ဆိုမြို့နယ်တွင်းရှိ စစ်ကောင်စီတပ်မှ ထိုကျေးရွာဘက်သို့ လက်နက်ကြီးပစ်ခတ်မှုတစ်ကြိမ် ပြုလုပ်ခဲ့သည်။

စက်တင်ဘာလ ၁၅ရက်၊ မနက်၉နာရီခွဲအချိန် စစ်ကောင်စီတပ်မှ ဒီးမော့ဆိုအနောက်ဘက်ခြမ်းတစ်နေရာကို လေယာဉ်နှစ်စီးဖြင့် ဗုံးကြဲတိုက်ခိုက်မှု ၈ကြိမ်ပြုလုပ်ခဲ့ပြီး လက်နက်ကြီးပစ်ခတ်မှု ၅ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူများကြား စိုးရိမ်ထိတ်လန့်နေရသည်။

စက်တင်ဘာလ ၁၆ရက်၊ ညနေ၅နာရီခွဲဝန်းကျင်အချိန် စစ်ကောင်စီတပ်မှ ဒီးမော့ဆို အနောက်ဘက်ခြမ်းရှိ မိဘမဲ့ကျောင်းအနီးကို ကာမီကာဇေဒရုန်းနှစ်စီးဖြင့် တိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းကြောင့် အသက်၉နှစ်အရွယ် ကလေးတစ်ဦး သေဆုံးခဲ့ပြီး ကျန်အသက်၁၆နှစ်အောက် ကလေးနှစ်ဦးနှင့် လူငယ်နှစ်ဦး စုစုပေါင်း၄ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

စက်တင်ဘာလ ၁၆ရက်၊ မွန်းလွဲ၁နာရီကျော်အချိန် ဒီးမော့ဆိုမြို့အနောက်ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာတွင် ဘောလုံးပွဲကျင်းပရာ စစ်ကောင်စီတပ်မှကာမီကာဇေဒရုန်းတစ်စင်းဖြင့် တိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းကြောင့် ဘောလုံးပွဲလာရောက်အားပေးသူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စက်တင်ဘာလ ၂၁ရက်၊ ညနေ၄နာရီအချိန် ရှမ်း-ကရင်နီပြည်နယ်စပ် မိုးဗြဲမြို့ရှိ ဝါရီဆူပလိုင်ကျေးရွာသို့ ထင်းသယ်ရန်ပြန်လာသော အသက်၅၀ကျော်အရွယ် စစ်ရှောင်အမျိုးသမီးတစ်ဦးမှာ စစ်ကောင်စီတပ်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ထိမှန်သေဆုံးခဲ့သည်။ ပြီးခဲ့သော အပတ်မှာလည်း စစ်ကောင်စီ၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စက်တင်ဘာလ ၂၂ရက်၊ မနက်၁၁နာရီအချိန် ဖရူဆိုမြို့အရှေ့ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ ဒရုန်းဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် မြေပဲစိုက်ပျိုးရေးခြံတွင် အလုပ်လုပ်နေသော အသက်၄၅နှစ်ရှိ အမျိုးသားတစ်ဦး ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့သည်။

စက်တင်ဘာလ ၂၃ရက်၊ မွန်းလွဲ ၂:၄၅မိနစ်အချိန် တိုက်ပွဲဖြစ်ပွားခြင်းမရှိသော ဖရူဆိုမြို့နယ် အရှေ့ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ ဒရုန်းနှစ်စီးဖြင့် ဗုံးကြဲတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းကြောင့် နေအိမ်၁လုံး ထိမှန်ပျက်စီးခဲ့သည်။

စက်တင်ဘာလ ၂၄ရက်၊ မွန်းလွဲ ၃နာရီဝန်းကျင်အချိန် ဘောလခဲမြို့နယ်ရှိ နေရာတစ်နေရာကို စစ်ကောင်စီတပ်မှ ဂျက်ဖိုက်တာဖြင့် ဗုံး၂လုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် ဒေသခံနှစ်ဦး ထိမှန်သေဆုံးခဲ့ပြီး ၃ဦးဒဏ်ရာရရှိကာ နေအိမ်တစ်လုံးပျက်စီးဆုံးရှုံးခဲ့သည်။

စက်တင်ဘာလ ၂၆ရက်၊ ဖရူဆိုမြို့အရှေ့ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီတပ်မှ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းကြောင့် အမျိုးသမီးတစ်ဦး ဗုံးစထိမှန်ဒဏ်ရာရရှိခဲ့သည်။

စက်တင်ဘာလ၂၈ရက်၊ မနက် ၁၁နာရီနှင့် ၁၂နာရီကျော်အချိန် ဒီးမော့ဆိုမြို့ အနောက်ဘက်ခြမ်း တစ်နေရာကို စစ်ကောင်စီတပ်မှ ဂျက်လေယာဉ်နှင့် ကင်းထောက်လေယာဉ်နှစ်စီးကို အသုံးပြုကာ မီးလောင်ဗုံးအပါအဝင် ဗုံး၁၀လုံးကျော် ကြဲချတိုက်ခိုက်ခဲ့သည့်အပြင် စက်သေနတ်ဖြင့် ပစ်ခတ်မှုလည်း ပြုလုပ်ခဲ့သည်။ ထိုပစ်ခတ်မှုကြောင့် ပြည်သူတစ်ဦး ကျည်ထိမှန် ဒဏ်ရာရရှိခဲ့သည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com